

လုံး ချင်း ဝ တ္ထု သစ်
ရင်မြှတ်နိုး
ယုံကြည်ရင်
တူတူနေမယ်

# အခန်း (၁)

အခန်း( ၁ )

"တီ... တီ"

"ပွမ်... ပွမ်"

Aircon Bus ကားဂိတ်မှာ အထုပ်တွေ အပိုးတွေနှင့် ရပ်လိုက်စဉ်မှာပဲ... လူတွေ ပြည့်သိပ်ကျပ်ညပ်နေသည့် Aircon Bus ကားကြီး တစ်စီးက ဝေါခနဲ ဝူးခနဲ အသံပေးကာ ထိုးရပ်လာခဲ့သည် ။

နံပါတ်ကို ကြည့်လိုက်တော့လည်း သူစီးရမည့် ကားနံပါတ် ဖြစ်နေတာမို့ ပခုံးမှာ လည်း အိတ် တစ်လုံးကိုလွယ်... နောက်ထပ် အိတ်နှစ်လုံးကိုလည်း ဆွဲကာ မလိုက်ပြီး ကားပေါ် ပြေးတက်ဖို့ ခြေလှမ်းကလေး လှမ်းလိုက် စဉ်မှာ တော့...

" ..."

"အယ်... သွားပါပြီ"

ရှေ့က သွားနေသည့် မိန်းကလေး တစ်ယောက်ရဲ့ ဖိနပ်နောက်အဖျားစွန်းကို... တက်နင်း လိုက်မိတာနဲ့ ... ဖိနပ်ကလေးက ဒေါက်ခနဲ အသံမြည်အောင် ပြတ်တောက်သွားခဲ့ပြီ။

"တောက်... ရှင်... ရှင်... ဘယ်လိုလုပ်လိုက်တာလဲဟင်"

“ဗျာ...”

“အဟင့်... ဒီမှာ ... ဖိနပ် ပြတ်သွားပြီရှင့်”

“ဆော... ဆောရီးပဲဗျာ... ကျွန်တော်... ကျွန်တော် မတော်တဆ နင်းမိသွားတာကို တောင်းပန်ပါတယ်နော် ... ဟို... ဟိုမှာ ... ကျွန်တော် စီးရမယ့်ကား ရပ်နေလို့ သွားတော့မယ်နော်”

“ဟာ... သွားလို့ ရမလား... ရှင်မသွားနဲ့ နော်...”

“ဟောဗျာ”

ပခုံးစောင်းမှာ လွယ်ထားသည့် ခရီးဆောင် အိတ်ကြီးကို အတင်းဆွဲထားလိုက်တာမို့... လူကပါ ဒယီးဒယိုင်နှင့် လဲတော့မလိုတောင် ဖြစ်သွားသည် ။

“ဒီမှာ ... ကျွန်မ ဖိနပ် ပြတ်တာ... ရှင့်ကြောင့် ပြတ်သွားတာ ရှင်... အူတူတူ နဲ့ ထွက်သွားဖို့ မစဉ်းစားနဲ့ ”

“ကျွတ်... အဲဒါမှ ကွိုင်ပဲဗျာ”

သူ... ထိုမိန်းမကြောင့် ခေါင်းကလေး ကုတ်ကာ စိတ်ဓာတ်ပါ ကျသွားရလေ၏။

ဟွန်း... ဘယ်လို မိန်းမလဲ မသိပါဘူး။

မတော်တဆ နင်းမိတာလေးကိုတောင် ခွင့်မလွှတ်နိုင်ဘဲ ပြဿနာ ရှာနေတာလေ။

ကားဂိတ်မှာ ရှိနေတဲ့ လူတချို့က... ကိုယ်နဲ့ မဆိုင်တာမို့ မျက်နှာကို လွှဲလိုက်ကြပေမယ့် တချို့က ဇာတ်လမ်း လုပ်တာလား တမင်လုပ်တာလား ဆိုသည့် အကြည့်မျိုးတွေနှင့် ဝိုင်းကြည့်ကာ စပ်စုနေကြ၏။

"ဟာ… ရှင် ဘာခေါင်းကုတ်ပြီး ကျွန်မ ခြေထောက်ကိုပဲ စွတ်ငုံ့ကြည့်နေရတာလဲ… ဒီနားက အနီးဆုံးဆိုင် တစ်ဆိုင်မှာ ကျွန်မ စီးဖို့ ဖိနပ်တစ်ရံ အရင်သွားဝယ်ပါ "

"ကျွန်တော်…ကျွန်တော်"

သူ တွေးရင်း ခေါင်းထဲမှာ အကြံတစ်ခု ဝင်းခနဲ လက်သွားသည် ။

"နေပါဦးဗျာ…"

ပခုံးစောင်းက အိတ်ကိုရော လက်ထဲက အိတ်နှစ်လုံးကိုပါ ပလက်ဖောင်းပေါ် စုပုံကာ ချလိုက်ပြီး … ထို မိန်းမရှေ့မှာ သူ ငုတ်တုတ်လေး ထိုင်ချကာ… ပြတ်သွားသည့် ဖိနပ်ကလေးကို အသေအချာ ကြည့်လိုက်သည် ။

ဖိနပ်ကလေးက သဲကြိုးကနေ ပြုတ်ထွက်သွားတာ မဟုတ်ဘဲ အလယ်ကနေ ပြတ်ထွက်သွားတာမို့ ပြန်ဆက်ပေးဖို့ ဆိုတာလည်း မဖြစ်နိုင်တော့ပါ။ သို့သော်… ထို ဖိနပ်လေးကို ငုံ့ကြည့်ရင်း သူအံဩ သွားတာက ထို မိန်းမရဲ့ အိစက်ပြီး မှုန်ညက်ဝင်းထင်းနေသော ခြေဖမိုးလေးတွေကိုလေ…။

မထိရက်စရာလေး…။

အားလုံးက ဝင်းနှစ်ပြေဆင်းကာ ခြေချောင်းကလေးတွေကပင် ဝင်းထင်းရှင်းသန့်နေပါ၏။

တော်တော်မိုက်တဲ့ မိန်းမ…

"ဟား… ဒီလိုလုပ်ပါလားဗျာ… ခင်ဗျားက ပြန်ဝယ်ပေးဆိုလည်း ကျွန်တော် ဝယ်ပေးပါ့မယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော့် အိတ်တွေကိုတော့ ခင်ဗျား ခဏလောက် ကြည့်ထားပေးမှ ရမယ်နော် ဘာပဲပြောပြော ဖိနပ်

လေး ပြန်ဝယ်ပေးတာ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ခင်မင်မှု အမှတ်တရလေး လည်း ဖြစ်သွားတာပေါ့နော် မဟုတ်ဘူး လား”

“ဟင်… ရှင် ဘာပြောလိုက်တာလဲ…”

“ဟဲ… ဟဲ… ကျွန်တော်ပြောတာ ရှင်းရှင်းလေး ပြောလိုက်တာလေ …”

သူ မတ်တတ်လေးရပ်ကာ ထို မိန်းမနှင့် မျက်နှာချင်း ဆိုင်လိုက်သည် ။

“ရှင်… ရှင်နော်… အရေးထဲမှာ … အခွင့်အရေးယူပြီး ပြီတီတီ လုပ်ဖို့ မစဉ်းစားနဲ့ ဘာ ခင်မင်မှု အမှတ်တရလဲ … လူကြားထဲမှာ အော်ထည့်လိုက်လို့ … အရှက်ကွဲသွားမယ်… ကဲပြောပါ… ရှင် အခု ချက်ချင်း ဖိနပ်သွားဝယ်ပေးမလား… မဝယ်ပေးဘူးလား”

ဟွန်း… လေသံရော မျက်နှာထားကပါ တော်တော် တင်းတဲ့ မိန်းမ… ။

မိုက်တာကတော့ တကယ်မိုက်တာပါ။

အပေါ်အောက် ဝတ်ထားတာလေးကလည်း မြန်မာဆန်ဆန်… ဝမ်းဆက် လက်ရှည် ကြက်သွေးရောင်ကလေးမို့ သူမပုံစံလေးက ရင်ခုန်သံတွေ တဒိန်းဒိန်း ညံသွားအောင် သူ့ကို ဆွဲဆောင် သွားခဲ့ပြီ…။

ဒါနဲ့ ပဲ… သူ့ အထုပ်အပိုးတွေကို သူမဘေးမှာ စုပုံချထားခဲ့ကာ အနီးဆုံးစတိုးဆိုင်လေးမှာ ပြေးဝယ်လိုက်တော့ အမျိုးအစားတူ အရောင်တူ ဖိနပ် အသစ်ကလေးရလာ၏။

စီးကြည့်လိုက်တော့လည်း တကယ့်ကို ကွက်တိ ဖြစ်သွားသည် ။

သူ့မှာ တော့ အသည်းအသန် ပြေးကာ ဝယ်လိုက်ရတာမို့ ဟောဟဲလိုက်ကာ… ချွေးကလေး ရွှဲနစ်သွားတာတောင်… ကျေးဇူးတင်ပါတယ်လို့ တစ်ချက်ကလေးပြောဖော်မရ။

တော်တော် လူမှုရေး ညံ့ဖျင်းလွန်းတဲ့ မိန်းမပဲ။

ဒါပေ့ါလေ… ပုံစံလေးက ဝင်းဝင်းထင်းထင်းလေးနဲ့ သိပ်မိုက်တဲ့ ပုံစံလေးဆိုတော့ ဒီလောက်တော့လည်း ကိန်းခန်းကြီးရတော့မှာ ပေ့ါ။

သူက… ကိုယ့်ကို မကြည့်သလို… ကိုယ်ကလည်း သူ့ကို မကြည့်မိတော့ပါချေ။

ဟွန်း… ရန်ကုန်မှာ များ မိန်းမတွေ ပေါလွန်းလို့ ။

"ပွမ်…ပွမ်"

"ဟော…"

လာပြန်ပါပြီ…။

သူ စီးရမယ့် နံပါတ်နဲ့ နောက်ထပ် Aircon Bus ကားကြီးတစ်စီး။

"မင်္ဂလာဈေး… သီတာ… ကျောက်မြောင်း"

"မင်္ဂလာဈေး… သီတာ… ကျောက်မြောင်း"

"ဝေါ… ဝူး… ရှီး… ဒိုင်း"

လေမှုတ်သံတွေ ဘရိတ်အုပ်သံတွေ အတက် အဆင်း တံခါး ဆောင့်ဖွင့်လိုက်သံတွေ ဆူညံသွားပြီး … Aircon Bus ကားကြီးက လူအုပ်ကြီးရှေ့မှာ အမောတကော ထိုးရပ်သွားသည် ။

ဘယ်ရမလဲ သိတယ်မလား…။

နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်လေ။

သည် တစ်ခါတော့ ခရီးဆောင် အိတ်ရှည်ကြီးကိုလွယ် ဆွဲအိတ်နှစ်လုံးကိုမနဲ့ ... ကားပေါ် ရောက်အောင် အတင်းကိုတိုးတက်လိုက်သည် ။ ပြီးတော့... တစ်ဖက်လွတ်နေတဲ့ ခုံတန်းကလေး ဆီကို အပြေးကလေး သွားကာ အိခနဲ ဝင်ထိုင်လိုက်တော့...

"ဟောဗျာ... ခင်ဗျား..."

စောစောကပဲ... သူ့ကို အသားကုန်စွာတဲ့ ဟိုမိန်းမ...။

"ရှင်... ရှင်... ကျွန်မနောက်ကို လိုက်ဖို့ မစဉ်းစားနဲ့ နော် ကျွန်မ ပြဿနာ ရှာမှာ နော် "

သေစမ်း...။

ခုံနေရာကလေး လွတ်လို့ ထိုင်မိပါတယ်။

အသားလွတ်ကြီး အစော်ကား ခံလိုက်ရပြန်ပြီ။

"တောက်... ခင်ဗျား တော်တော် အပေါက်ဆိုးတဲ့ မိန်းမပဲဗျ ဒီကားကို တက်စီးတာနဲ့ ခင်ဗျားနောက်ကို လိုက်ရောလား... ဟွန်း ဒီမှာ ခင်ဗျား သိပ်ပြီးတော့ စွာတေးလုပ်မနေနဲ့ ... အရေးကြီးတာ ဟိုဘက် ထောင့်အထိ ကပ်နေအောင် ခင်ဗျားတိုး... ပခုံးချင်း ထိမိရင် လုံးဝ တာဝန်မယူဘူးနော်...ဒါပဲ"

"အောင်မယ်"

သူမ နှုတ်ခမ်းကလေး စူတင်းသွားတာကို ကြည့်ပြီး သူစိတ်ထဲမှာ ပျော်သွားသည် ။ လက်ထဲက အိတ်နှစ်လုံးကို ထိုင်ခုံအောက်ထဲ ထိုးသွင်းလိုက်ပြီး ပခုံးစောင်းမှာ လွယ်ထားသည့် အိတ်ရှည် ကိုတော့

ပေါင်ပေါ်မှာ ပဲ တင်ကာ ပွေ့ကိုင်ထားလိုက်၏။

ကားပေါ်မှာ လည်း လူတွေက များ သလား မမေးနဲ့ ။

ဆင်းတာနည်းနည်း တက်တာ များများ ဖြစ်နေတော့ တစ်စီးလုံး ကျပ်ညပ်ကာ လူတော်တော် များများက မတ်တတ်ရပ်ကာ လိုက်ပါလာကြ၏။

“မင်္ဂလာဈေး ဆင်းမယ့် လူတွေ ပြင်ထားနော်”

“မင်္ဂလာဈေး... မင်္ဂလာဈေး”

စပါယ်ယာထံမှ အော်သံကိုကြားတော့ ဆင်းမည့်သူတွေ လှုပ်လှုပ်ရွရွနှင့် အပေါက်ဝဘက်ကို တိုးထွက်လာ၏။ သူမကတော့ ခုထိ တုတ်တုတ်မလှုပ်သေးဘဲ တဟင်းဟင်းနဲ့ ပင့်သက်ချ လိုက် နဖူးပြင်လေးပေါ်ကို ပြိုကျလာတဲ့ ဆံပင်မျှင်မျှင်လေးတွေ ကို လက်ချောင်းကလေးတွေ ထိုးသွင်းကာ သပ်တင်လိုက် လုပ်ရင်း သူ့ဘက်ကိုလည်း တစ်စက်ကလေးတောင် လှည့် မကြည့်ချေ။

ဟွန်း... မကြည့်လည်း နေပေ့ါ...။

ဒီလို စွာတေးလန်တက်တဲ့ မိန်းမမျိုးနဲ့ ...။

လုံးဝ မပတ်သက်တာဘဲ ကောင်းတယ်။

“လမ်းကျယ်... ပါလား”

“လမ်းကျယ်... လမ်းကျယ်”

တစ်စီးလုံး ကိုယ့် အတွေးနဲ့ ကိုယ် ငြိမ်သက် တိတ်ဆိတ်နေသည် ။

“သီတာကို ဒါရိုက်ကစ်မယ် ဆရာရေ”

ထိုချိန်မှာ ပဲ ထိုမိန်းမက သူ့ဘက်ဆတ်ခနဲ လှည့်ကာ...

“ရှင်ဖယ်နော်… ကျွန်မ ဆင်းမလို့ ”

“ဗျာ…”

“ဟာ… ကျွန်မဆင်းတော့မလို့ ရှင့်ကိုပြောနေတာလေ”

“ကျွန်တော်လည်း ဆင်းမှာ ဗျ”

“ဘာ…”

သူမဆင်းမည့် မှတ်တိုင်မှာ ကိုယ်က လိုက်ဆင်းတာကိုပဲ သူမက မကြည်သလို မျက်ဝန်းတွေက ဖျတ်ခနဲ ဝင်းလက်သွားပြီး နှုတ်ခမ်းတွေ ဟွန့်ခနဲ စူတင်းသွားပုံလေးက တော်တော်လေးတော့ ချစ်ဖို့ ကောင်းနေသည် ။

လုပ်မနေနဲ့ …။

ကိုယ်ဆင်းရမယ့် မှတ်တိုင်မို့ ဒီကလည်း ဆင်းတာ ဘာဖြစ်လဲ။

သူ အရင်ထလိုက်ပြီး ခုံကြားထဲက အိတ်နှစ်လုံးကိုပါ တစ်ချက်တည်းပါအောင် ဆွဲယူလိုက်သည် ။ ပခုံးစောင်းမှာ တော့ အိတ်ရှည်ကြီးကို လွယ်လို့ ပေ့ါ။ သူမကလည်း ဝင်းနှစ်သော လက်မောင်းက လေး တစ်ဖက်မှာ စလင်းဘတ်အိတ်ပျော့လေးကို လွယ်လျက် မှတ်တိုင် မှာ ကားရပ်တော့ သူ့နောက်က လိုက်ဆင်းသည် ။

“ဟင်…”

ဆံပင်ရှည်ကြီးတွေ တယမ်းယမ်းနှင့် ခပ်သွက်သွက်ပဲ သူ့ကို ရှောင် ကာ ကျော်တက် သွား၏။ သူ တစ်ချက်လေး ငေးကြည့်လိုက်စဉ်မှာ … သူ နှုတ်ခမ်း ထောင့်စွန်းလေး တစ်ဖက်မှာ ခပ်ကွေးကွေး အပြုံးလေး တစ်ခုက… သူ့အလိုလိုလေး စွဲထင်သွားသည် ။

“အစ်ကို ဆိုက်ကားငှားမလား”

သူလျှောက်လာသော လမ်းမှာ ပိတ်ကာရပ်ပြီး မေးလာသော လူတစ်ယောက် … သူ့ထက်လည်း အသက်ငယ်ပုံရပြီး ဖော်ရွေသော အပြုံးကလေးနှင့် သူက လှမ်းမေးလိုက်တာ ဖြစ်သည်။

“ငှားမယ် ညီရာ… ကိုယ် ကျောက်မြောင်းကို သွားချင်လို့ ”

“ဟာ… အစ်ကို၊ အစ်ကို အခုရောက်နေတာ ကျောက်မြောင်းပဲလေ … အစ်ကိုရဲ့ ”

“ဟင်… ဒါ… ကျောက်မြောင်းလား”

“ဟား… ဟား… အစ်ကို့ကို ကြည့်ရတာ ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးသေးဘူးနဲ့ တူတယ်၊ ပြော… အစ်ကို ကျောက်မြောင်းက ဘယ်လမ်းကို သွားချင်တာလဲ”

သူ့ပိုက်ဆံအိတ်ထဲက လိပ်စာကတ်လေးကို ထုတ်ကြည့်ကာ ဖြေလိုက်သည်။

“ဩ… ဩဘာလမ်းတဲ့ ”

“ရပြီ… အစ်ကို၊ တက်လိုက်… အစ်ကို အဝတ်အိတ်တွေကို နောက်ထိုင်ခုံလေးမှာ ကြိုးနဲ့ ပတ်စည်းပြီး ထိန်းထားလိုက်မယ် ပေး… ပေး အစ်ကို အိတ်တွေ ကျွန်တော့်ကိုပေး”

ဆိုက်ကားဆရာလေးက သူ့ပခုံးမှာ လွယ်ထားသည့် အိတ်ရှည်ကြီးကိုရော… သူ့လက်ထဲမှာ ဆွဲလာသည့် အိတ်နှစ်လုံးကိုပါ လှမ်းယူကာ နောက်ထိုင်ခုံပေါ်မှာ ပြုတ်မကျအောင် သားရေပတ်ပြား ကလေးနှင့် ဆွဲချည်ကာ ထိန်းလိုက်သည်။

“ခဏလေးနော်… ညီ… ကိုယ် ပီကေလေး စားချင်လို့ ဝယ်လိုက်ဦးမယ်”

လမ်းဘေး ကွမ်းယာဆိုင်ကလေးကနေ အပျင်းပြေ ဝါးဖို့ ပီကေလေး ပြေးဝယ်သည် ။ ရပြီဆိုတော့မှ အသင့်စောင့်နေသည့် ဆိုက်ကားဆီ ပြန်လျှောက်လာကာ ရှေ့ထိုင်ခုံပေါ် စွေ့ခနဲ နေအောင် သူတက်ထိုင်လိုက်၏ ။

သတိရလို့ ရှေ့ကို လှမ်းကြည့်လိုက်တော့ ကြက်သွေးရောင် ဝမ်းဆက်နှင့် ဟိုမိန်းမကို အရိပ် အယောင်လေးတောင် သူ မတွေ့ရတော့ချေ။

စွာလည်း စွာသလို ခြေလှမ်းကလည်း တော်တော်သွက်ပုံရတဲ့ မိန်းမ …။

ဟွန်း… မေ့လိုက်တာပဲ ကောင်းပါတယ်လေ…။

“ဟုတ်တယ် ညီရာ… ညီပြောသလို ကိုယ်က အခုမှ ရန်ကုန် ရောက်ဖူးတာကွ… ပျော်ရင်တော့ ဒီမှာ ကြာမယ်ပေါ့ကွာ မပျော်ရင်တော့ ရန်ကုန်ကို တာ့တာပဲပေါ့ ”

“အစ်ကို… အခု ဘယ်မြို့က လာတာလဲ”

“ဟာ… အစ်ကို လာတာ… တောင်ကြီးကလာတာလေ”

“ဟွန်း… အစ်ကို့ ပုံစံက နယ်က လာတယ်လို့ တောင်မထင်ရဘူး၊ သိလား… အရပ်အမြင့်ကြီးနဲ့ တကယ်မိုက်တယ် ကိုရီးယား မင်းသား အတိုင်းပဲ… လီမင်ဟိုလေ… လီမင်ဟို … ဟား… ဟား”

ဆိုက်ကားဆရာလေးက သဘောကောင်းပြီး… ပျော်တတ်ရွှင်တတ်ပုံ ရ၏။ တဟားဟား အော် ရယ်ရင်း… ခါးကြားထဲမှာ လိပ်ထည့်ထားသည့် ကွမ်းယာထုပ်ကို ဖွင့်ကာ… ပါးစပ်ထဲကို ကွမ်းတစ်ယာ ထည့်လို

က်သည္ ။

ၿပီးေတာ့မွ ဆိုက္ကားကို... အားယူနင္းထြက္ခဲ့သည္ ။

“ဟုတ္လို႔ လား...ညီရာ... ခရီးပန္းလာလို႔ ကိုယ့္ပုံစံက ဖရိုဖရဲနဲ႔ ဒီေလာက္ စုတ္ျပတ္သပ္ လာတဲ့ ဟာ...”

“ဟာ... ကၽြန္ေတာ္ တကယ္ေျပာတာပါ... အစ္ကိုရ၊ အစ္ကို႔ပုံစံက ၾကည့္လိုက္တာနဲ႔ တကယ္ သေဘာက် ဖို႔ ေကာင္းတယ္... အရပ္ျမင့္တာေရာ... အသားျဖဴတာေရာ... ကိုယ္လုံး ကိုယ္ေပါက္ ေတာင့္တင္းတာေရာ ဘာမွ အျပစ္ေျပာစရာ မရွိဘူး... မ်က္ခုံး ႏွစ္ဖက္က ထိၿပီးေတာ့ မ်က္ေတာင္ ရွည္ႀကီးေတြက အစ မိန္းကေလး တစ္ေယာက္လို ေကာ့ေနတာ ... ဟား... ဟား... အစ္ကို႔လို ပုံစံမ်ိဳးကိုမွ ရန္ကုန္သူေတြက သေဘာက်တာ အစ္ကိုရ ကၽြန္ေတာ္ေျပာတာ မယုံရင္ အစ္ကို ၾကည့္လိုက္... အစ္ကို ခဏေလးနဲ႔ စြံသြားမယ္”

“ေအာင္မယ္ေလး... ညီရာ၊ မစြံရင္လည္း ေနပါေစေတာ့ ညီတို႔ ရန္ကုန္သူေတြမ်ား ေၾကာက္လြန္းလို႔ ဟြန္း... ဟြန္း”

ဟို မိန္းမကို မ်က္လုံး ထဲျပန္ျမင္ၿပီး... ႏႈတ္ခမ္းေလး တြန္႔ကာ ၿပဳံးလိုက္ရေသး၏။

“ဟာ ... အစ္ကိုကလည္း ကၽြန္ေတာ္တို႔ ရန္ကုန္သူ ေတြကို မေၾကာက္ပါနဲ႔ အစ္ကိုရ ... ဒီမွာ တစ္ၿမိဳ႕လုံး အလန္းစတိုင္ ေတြနဲ႔ ေခတ္ေျပာင္းေနတာ အစ္ကို မေတြ႕ခဲ့ဖူးလား ... ေတာ္ၾကာ ေတာင္ႀကီးကို ေမာင္ႀကီး မျပန္နိုင္ အစ္ကို ျဖစ္သြားမယ္ ... အဲ ေျပာပါဦး အစ္ကို ... အစ္ကို သြားခ်င္တဲ့ ၪဘာလမ္းက ... တိုက္နံပါတ္က ဘယ္ေလာက္လဲ ...”

သူ လိပ်စာကတ်လေးကို ပြန်ထုတ်ကြည့်ကာ…

“ နံပါတ်က … ( ) တဲ့ ကွ ၊ အဲဒါ … ညီ… သိလား”

“ဟာ … သိတာပေါ့ အစ်ကိုရာ… ဒီကျောက်မြောင်းထဲမှာ ဘယ်အိမ် … ဘယ်တိုက်မှာ အပျိုက … ဘယ်နှယောက် တစ်ခုလပ် တစ်လင်ကွာက … ဘယ်နှယောက် ရှိတယ်ဆိုတာ … ကျွန်တော် အားလုံးသိတယ် … အခု အစ်ကို သွားမယ့် နေရာက ကန်ထရိုက်တိုက် မဆောက်ရသေးတဲ့ သွပ်မိုးပျဉ်ကာ အိမ်အဟောင်းလေး … ဟား … ဟား … ကျွန်တော် ပြောတာ… ဟုတ်တယ်မို့လား … အစ်ကိုရ နှစ်ခန်းတွဲ ပျဉ်ထောင်အိမ် … အိမ်ရှေ့ သံဆန်ခါလေးကို ဆေးအပြာ ရောင်လေး သုတ်ထားတယ်လေ”

“ဟုတ်လား … အဲဒါ … အစ်ကို မသိဘူးကွ … ညီကတော့ တကယ် ကျွမ်းတာပဲ… အစ်ကိုတို့ မြို့မှာ ဆိုရင်… နေရာကို သေသေချာချာ ပြောတာတောင်… မသိဘဲနဲ့ … ခေါင်းခါနေတဲ့ သူက အများကြီး ရိုးရိုးအေးအေးလေးနဲ့ ပဲ ကိုယ့်အလုပ်ကို လုပ်စားနေကြတာ”

သူ ပြောတာကို ဆိုက်ကားဆရာလေး အဓိပ္ပာယ်ပေါက်သွားဟန်ရှိ၏ ။

ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ကွမ်းတံတွေးကို လမ်းဘေးပလက်ဖောင်း မြေပြင် အထိ ရောက်သွားအောင် ပစ်ခနဲ လှမ်းထွေးသည် ။

“ဒီလို… အစ်ကိုရ… ကျွန်တော်တို့ ကျောက်မြောင်းမှာ က လူတွေနဲ့ တိုက်ခန်း အမြင့်ကြီးတွေက များ သလို… ဇာတ်လမ်းတွေကလည်း အများကြီးဗျ… တစ်နေ့တစ်နေ့ တိုက်မြင့်ကြီးတွေပေါ်ကနေ… ဆင်းလိုက်ကြ… တက်လိုက်ကြ… သွားကြ လာကြ စားကြ သောက်ကြနဲ့ တစ်

နေ့ကုန် မျက်စိ နောက်နေအောင်… ရှုပ်ယှက်ခတ်နေတာ… ဈေးသည်တွေ ဈေးဆိုင်တွေ ဆိုတာလည်း ကျောက်မြောင်း တစ်ရပ်ကွက်လုံးမှာ တန်းစီနေတာ… ဒါပေမဲ့ အစ်ကို အခု သွားမယ့် အိမ်ကလေးကတော့ အေးပါတယ်… အဲဒီ အိမ်ထဲကနေ အရမ်းလန်းတဲ့ အစ်မ တစ်ယောက် ထွက်ထွက်လာတာတော့… ကျွန်တော် တွေ့တယ် ဗျ…”

“ဟင်… ဟုတ်လား”

တကယ် ကျွမ်းတဲ့ ဆိုက်ကား ဆရာလေးပါလား…။

တစ်ရပ်ကွက်လုံးရဲ့ အခြေအနေကို အပ်ကျတာက အစ သိနေမလားဘဲ။

ဆိုက်ကားဆရာလေးက လမ်းမကြီးပေါ် နင်းနေရာမှ လမ်းသွယ်လေး တစ်ခုထဲသို့ ဆိုက်ကားကို ကွေ့ချိုးသည် ။ နောက် ကန့်လန့် ဖြတ်လမ်းမကြီး တစ်ခုကိုတွေ့တော့… ညာဘက်ကို ထပ်ချိုးလိုက် ပြန်၏။

သူ မြင်လာရသမျှ… တိုက်တွေကတော့ တစ်လမ်းလုံး သူ့ထက်ငါ အပြိုင်ဆောက်ထား ကြသလိုပင်။ မြေညီထပ် တိုက်ခန်းတွေမှာ လည်း ဈေးဆိုင် တွေက အခန်းချင်း ထိဆက်နေသည် ။

“ရောက်ပြီ အစ်ကို… ဒါ… အစ်ကို ပြောတဲ့ အိမ်နံပါတ်ပဲ… ဟိုမှာ တွေ့လား… ကျွန်တော် ပြောသလို သံဆန်ခါလေးကို ဆေးအပြာရောင် သုတ်ထားတယ်… အိမ်လေးက နှစ်ခန်းတွဲလေး”

ဆိုက်ကား ဆရာလေးရဲ့ ကူညီမှုကြောင့်…

သူ အတော်လေးတော့ အဆင်ပြေသွားခဲ့၏။ ဆိုက်ကားခ ကျသင့်ငွေကို ရှင်းပေးခဲ့ပြီး အိတ်တွေကို လွယ်သင့်တာလွယ် ဆွဲသင့်တာဆွဲနှင့် သစ်သားပျဉ်ထောင် အိမ်ကလေးရဲ့ ခြံတံခါးလေးကို ဆွဲဖွင့်ကာ အိမ်ပေါ်သို့

သူတက်ခဲ့သည် ။

ရန်ကုန်ကို ရောက်တာနဲ့ ကျောက်မြောင်း ဩဘာလမ်းထဲက ဒီသစ်သားပျဉ်ထောင် အိမ်ကလေး မှာ နေဖို့ သူ့ရဲ့ ချစ်လှစွာသော ဘိုးဘိုးက အမိန့်ချခဲ့တာလေ တစ်သက်လုံး ဘာအလုပ်အကိုင်မှ ... မယ်မယ်ရရ မလုပ်ပဲ... ဘွဲ့ရပြီး တာတောင်... သူငယ်ချင်းတွေနဲ့ ယောင်ခြောက်ဆယ် လုပ်နေတဲ့ သူ့ကို အပိုးကျိုးသွားအောင် ရန်ကုန်ကို တစ်ယောက်တည်း လွှတ်လိုက် တာတဲ့ လေ။

ကျောမှာ လည်း အိတ်ရှည်တစ်လုံး လက်မှာ လည်း အိတ်နှစ်လုံးကို ဆွဲလို့ အိမ်ကလေးပေါ်ကို တက်သွားတော့ အိမ်ကလေးက သံဆန်ခါ ကွက်တံခါးကို ပိတ်ထား၏။ အခန်းနှစ်ခန်းရှိပေမယ့် တံခါးကိုတော့ တစ်ခုတည်း အသုံးပြုထားပုံပင်။

တံခါးလေးရှေ့မှာ စိတ်မောမောနှင့် ခြေစုံ ရပ်ပစ်လိုက်ကာ။

သစ်သားတိုင်မှာ ကပ်ထားသည့် လူခေါ်ဘဲလ် ဖြူဖြူလေးကို နှိပ်ပစ်လိုက်သည် ။

“တင်း... တောင်”

“တင်း... တောင်”

အိုကေ... အပြင်က ခေါ်သံကြားလို့ ... တံခါးလေးက ပွင့် လာပြီ။

သူ... အထဲကို လှမ်းကြည့်လိုက်တော့...။

“အောင်မယ်လေး...”

“ဟင်... ခင်... ခင်ဗျား”

သေလိုက်ပါတော့...။

ဆူးလေ ဘတ်စ် ကားဂိတ်မှာ ရော… Aircon Bus ကားပေါ်မှာ တစ်လမ်းလုံးပြဿနာ ဖြစ်လာတဲ့ ဟိုမိန်းမ။ သူမက ဖျတ်ခနဲ မျက်နှာကို နှစ်ဆ တင်းပစ်လိုက်ကာ…

"ရှင်… ရှင်… တော်တော်… ပြဿနာရှာတဲ့ လူပါလား ဟင်… လမ်းမှာ ပြဿနာရှာတာ အားမရလို့ … ကျွန်မ နေတဲ့ အိမ်အထိ လိုက်လာပြီး… ပြဿနာ ရှာတာလား… တော်တော် မျက်နှာပြောင်တဲ့ လူ… သွား… သွား… ရှင် အခုချက်ချင်း ကျွန်မ အိမ်ပေါ်က ပြန်ဆင်း… မဆင်းရင်… ရှင်မလွယ်ဘူးနော်"

"ခင်… ခင်ဗျားဘာတွေ ပြောနေတာလဲဗျ… ခင်ဗျား စကားပြောတာ … ဆင်ဆင်ခြင်ခြင် ပြောနော်…"

လူလည်း သေပစ်ချင်စိတ်တောင် ပေါက်သွားရ၏။

သေသေချာချာ ချိန်းထားရင်တောင် လွဲချင်လွဲ နေဦးမယ့် မိန်းမ…

တိုက်တိုက်ဆိုင်ဆိုင် တကယ်ပါပဲ…။

ဒီလို စွာတေးလန်မနဲ့ မှ ပြန်လာဆုံနေရတယ်လို့ …။

"ဒီမှာ … ဒီမှာ … ကျွန်တော် တွေ့ချင်တာ ခင်ဗျားနဲ့ တွေ့ချင်တာ မဟုတ်ဘူး ဗျ… နားလည်လား… ဒီဘက်အခန်းမှာ နေတဲ့ မိန်းမ တစ်ယောက်နဲ့ တွေ့ချင်တာ…"

"ရှင်နော်… ဟိုလိုလို ဒီလိုလို လူကို အကြောင်ရိုက်ဖို့ မစဉ်းစားနဲ့နော်… ရှင့်ကို လက်ခံတွေ့ဆုံမယ့် မိန်းမ … ဒီအခန်းမှာ မရှိဘူး ရှင်… ဂိုးတော့…"

"ဒုန်း…"

"သေစမ်းကွာ…"

ပြောပြီးတာနဲ့ အတွင်းတံခါးရွက်ကို ဆောင့်ကြီးအောင့်ကြီး ပိတ်ချကာ အထဲကို ပြန်ဝင် သွား၏။ ဘယ်လို ဖြစ်တာလဲ ဒီလောက် ရှင်းပြနေတာတောင် အဖတ်မတန်သလို ဝုန်းဒိုင်းကြီး ပိတ်ချသွားရသလား… ကဲကွာ… ကဲကွာ…။

သူနောက်တစ်ကြိမ် လူခေါ်ဘဲလ်ကို အဆက်မပြတ်နှိပ်ပစ်လိုက်သည် ။ ဖြစ်ချင်တာဖြစ်… ဖြစ်လို့ ကတော့ ဒီကလည်း ရှင်းပြီးသားပဲ ။

"တင်း… တောင်"

"တင်း… တောင်"

"တင်း… တောင်"

ဘဲလ်သံက အဆက်မပြတ် မြည်သွားသည် ။

ပိတ်ထားသော တံခါးက နောက်တစ်ကြိမ် ဝုန်းခနဲ ပြန်ပွင့်လာ၏။

"ဒီမှာ ရှင် သိပ်ပြီးတော့ လက်အားနေသလား"

အသံက စွာနေသလို ခါးတစ်ဖက်ကိုပါ ဟန်နဲ့ ပန်နဲ့ ထောက်လိုက်သေး၏။

"လက်အားလို့ နှိပ်နေတာ… မဟုတ်ဘူး ဗျ… သိရဲ့ လားကျွန်တော်ပြောမယ့် စကားကို ဆုံးအောင် နားမထောင်ဘဲနဲ့ ခင်ဗျား အသားလွတ်ကြီး စွတ်ကောမနေနဲ့ ဒီမှာ ခင်ဗျားကို သိပ်မိုက်လို့ သိပ်လှလို့ ခင်ဗျားနောက်ကို လိုက်လာတာ မဟုတ်ဘူး … အဝေးပြေး ဂိတ် ကနေ … ဆူးလေ… ဆူးလေကနေ… ကျောက်မြောင်း ကျောက်မြောင်းကနေ …"

“ဟုတ်ပါပြီ… ဟုတ်ပါပြီ… အရေးကြီးတာ လိုရင်းကို ရှင်တိုတိုပဲပြော…”

“လိုရင်းကိုပဲ ပြောနေတာပေါ့ဗျ…”

“ဟင်… ဘယ်လိုရင်းကို ပြောနေတာလဲ… ရှင်အခုပြောနေတာက အဝေးပြေးဂိတ်တွေရော ဆူးလေရော… ကျောက်မြောင်းရော ရှုပ်ယှက်ခတ်နေအောင် အရစ်ရှည်နေလို့ ရှင့်ကို ပြောနေတာ… ရှင်ဘယ်သူလဲ… ရှင်ဘယ်သူနဲ့ တွေ့ချင်တာလဲ… ဟွန်း… အူတူတူနဲ့ … မလိမ့်တပတ် လာလုပ် လို့ ကတော့ ရဲစခန်းပဲ”

“ဒီမှာ … ခင်ဗျားကို ကျွန်တော်ကလည်း လိုရင်းကို တိုတိုရှင်းရှင်းပဲ ပြောချင်လို့ ဘယ်က စပြောရင် ကောင်းမလဲ ဆိုတာ စဉ်းစားနေတာ… အခု ကျွန်တော့်ကို လွှတ်လိုက်တာ ဒီအိမ်ရှင် အန်တီမျိုးက… အခန်း သော့ပါပေးပြီး လွှတ်လိုက်တာ… ဒီအိမ်မှာ ယွန်းမှီမှီဆိုတာ ရှိတယ်တဲ့ … သူ့ကို အကျိုးအကြောင်း ပြောပြလိုက်ရင် အဆင်ပြေပါပြီ ဆိုလို့ လာခဲ့တာ… ဘာလဲ… ခင်ဗျားက ယွန်းမှီမှီလား…”

“ဟုတ်တယ်…”

“ခင်ဗျား တော်တော် အပေါက်ဆိုးတာပဲဗျ…”

“ဘာပြောတယ်…”

“ခင်ဗျားနဲ့ အတူတူနေဖို့ တောင် စိတ်ဓာတ်ကျတယ်”

“ဒီမှာ … ဒီမှာ ရှင်စကားပြောတာ ကြည့်ပြောနော်… ရှင်နဲ့ ဘယ်သူက အတူတူ နေမှာ မို့လို့ ရှင်က ပြောနေရတာလဲ…”

“ကြာတယ်ဗျာ… ခင်ဗျား အခုတံခါးဖွင့်”

သည် တော့မှ သော့တွဲကို ယူကာ အလယ်တံခါးကို မဖွင့်ချင် ဖွင့်ချင်နှင့် ဖွင့်ပေးသည် ။ တော်တော်မလွယ်တဲ့ မိန်းမ... ဒီလို မိန်းမနဲ့ တစ်အိမ်တည်းမှာ ဟိုဘက်ခန်း ဒီဘက်ခန်း နေရမယ့် အဖြစ်က တစ်ချိန်လုံးနောင် ဂျိမ်ပလေးရတော့မယ့် အတိုင်းပဲ။

စားတယ် ဘိုးဘိုးရာ...။

ရန်ကုန်သူတွေကိုတော့ တကယ် လက်လန်တယ်... ။

ဆံပင်ရှည်ကြီးတွေ တခါခါနဲ့ စွာချင်တိုင်း စွာနေတာဗျ။

တံခါးဖွင့်လိုက်တော့မှ ပဲ... အထဲကို လှမ်းဝင်လိုက်ပြီး ကိုယ်နေရမယ့် အခန်းတံခါး ရှေ့ကိုသွားကာ... အထုပ်တွေကို စုပုံချ ထားလိုက်သည် ။

ဟူး... မောလိုက်တာ...။

အခန်းကို... သော့ကလေးနဲ့ လှည့်ဖွင့်လိုက်တော့...။

“ဟင်...”

ကိုယ်နေရမယ့် အခန်းထဲမှာ ဖုန်တွေ မြင်မကောင်း။

လှည်းရတော့မှာ ပဲ...။

ဘေးပြတင်းပေါက်လေးကို ဖွင့်လိုက်တော့မှ အလင်းရောင်လေးကဝင်လာ၏။

နောက်ဖေးခန်းကိုသွားသည့် တံခါးကို ဖွင့်လိုက်တော့။

“ဟောဗျာ...”

နောက်ဖေးမှာ ဟိုဘက် ဒီဘက်ကာထားသော အကာအရံ မရှိပါ။

ဟိုဘက်မှာ မီးဖိုတစ်ခု ဒီဘက်မှာ မီးဖို တစ်ခု...။

ပြည့်သနာပဲ...။

အိပ်ခန်းနှစ်ခုကိုသာ အလယ်မှာ သုံးထပ်သားပြားတွေနဲ့ ကန့်ထားပြီး ကျန်တာတွေက နှစ်ဖက်တွဲသုံးရမယ့် အနေအထားမျိုး ဖြစ်နေတာလေ...။ ကြည့်ပါဦး ရေအိမ်နှစ်လုံးကပင် ဟိုဘက် ဒီဘက် တွဲလျက်လေး...။

သူနောက်ဖေး အခန်းတစ်ခုလုံးကို လိုက်ကြည့်နေမိဆဲမှာ တော့...။

"ဒီမှာ ... ဒီမှာ ..."

"ဟင်... ဘာလဲဗျ..."

"ရှင်... ဒီအိမ်မှာ နေမယ် ဆိုရင်တော့ ကျွန်မ နဲ့ လာပြီး ပတ်သက်ဖို့ မကြိုးစားနဲ့ နော်... အိမ်နဲ့ အခန်းကတော့ ရှင်မြင်တဲ့ အတိုင်းပဲ မီးဖိုခန်းက တစ်ခုပဲရှိတော့ နှစ်ခန်းတွဲ သုံးရမယ် လက်ထရိမ်လည်း ဒီအတိုင်းပဲ ... အရေးကြီးတာ ဂုဏ်သိက္ခာ ရှိရှိ နေဖို့ ပဲ "

"ဘာပြောတယ်ဗျ..."

သူ ... အတော်လေးတော့ ဒေါကန်သွားမိ၏။

ဒီမိန်းမ မလွယ်ပါလား...။

သူလိုကောင်မျိုးကိုများ ဂုဏ်သိက္ခာရှိရှိ နေရမယ်တဲ့ ။

"ဟွန်း... ရတယ်လေ... ကျွန်တော်ကလည်း မိန်းမဆိုရင် ဘယ်လို မိန်းမမျိုးကိုမှ အထင်မကြီးဘဲနေလာတာ... ဘယ်သူနဲ့ မှ လည်း ပတ်ပတ်သက်သက် ရှုပ်ရှုပ်ယှက်ယှက် လုပ်ဖို့ အစီအစဉ် လုံးဝမရှိဘူး... အဲဒီတော့ အခု တစ်ခါတည်း အပြတ်ပြောလိုက်မယ် ခင်ဗျားလည်း ခင်ဗျား

သိက္ခာနဲ့ ခင်ဗျားနေ… ကျွန်တော်လည်း ကျွန်တော့် ဂုဏ်သိက္ခာနဲ့ ကျွန်တော် နေမယ်… ခင်ဗျား ပြောချင်တာ ဒါပဲမို့လား… မယွန်းမှီမှီ… ရတယ်… ခင်ဗျား သွားတော့”

“ မဟုတ်ဘူး … ရှင့်ကို ပြောစရာ ကျန်သေးတယ်”

“ရှင်လည်း အိမ်ငှား… ကျွန်မလည်း အိမ်ငှား၊ အန်တီမျိုးကို ယုံကြည်လို့ လက်ခံ လိုက်ရပေမယ့် ကျွန်မကလည်း ရှင့်လိုပဲ ယောကျ်ားဆိုရင် ဘယ်လို ယောကျ်ားမျိုးကိုမှ အထင်လည်း မကြီးဘူး… ပတ်ပတ်သက်သက်လည်း မလုပ်ချင်ဘူး… အဲဒီတော့ ကျွန်မ ရှင့်ကို အရှင်းလင်းဆုံး တစ်ခုပဲပြောမယ်”

“အောင်မယ်လေး… ပြောစမ်းပါ…ပြောစမ်းပါ ”

“ဒီနေ့ကစပြီး ဘယ်လို အကြောင်းကိစ္စမျိုးနဲ့ မှ ရှင်နဲ့ ကျွန်မ စကားမပြောကြေး… ဟုတ်ပြီနော် ”

ကြည့်စမ်း… လူမှုရေးအသိဆိုတာ တစ်စက်ကလေးမှ မရှိတဲ့ မိန်းမ …

တစ်အိမ်တည်းမှာ ဟိုဘက်ခန်း ဒီဘက်ခန်း နေကြတာတောင် စကားပြောစရာ လုံးဝ အကြောင်း မရှိဘူးတဲ့ …။ သူနာကျင်စွာ ပခုံးလေးကို တွန့်လိုက်မိချေပြီ။

“ဟွန်း… ရတယ်လေ… မပြောတော့… လေကုန်လည်း သက်သာတယ်… နားငြီးလည်း သက်သာတယ်… ရပြီ… ဒီလောက်ပြောရင် ကျွန်တော် သဘောပေါက်ပြီ… အိုကေ… အိုကေ”

သွားပြီ …။

ဟိုဘက် အခန်းတံခါးကို ဒိုင်းခနဲ ဆောင့်ပိတ်ကာ သူမက သူ့အခန်း

ထဲ သူပြန်ဝင်သွားသည် ။

ဟူး… ဘယ်လို မိန်းမလည်း မသိပါဘူး… ။

ကြည့်ရတာ ပုံစံလေးက မိုက်ပေမယ့် ဒီလိုဆက်ဆံရေး ကြဲတာက တော့ စိတ်ပျက်စရာပါ…။ သူကဖြင့် အခန်းထဲက ဖုန်တွေ အမှိုက်တွေကို လှည်းကျင်းဖို့ တံမြက်စည်းလေး ငှားချင်တာ တောင်ငှားခွင့်မကြုံလိုက်။

ရင်ထဲမှာ တင်းကျပ်မောဟိုက်သွားသလို စိတ်တွေကပါ ယောက်ယက်ခတ်သွား၏။ နောက်ဆုံးမှာ တော့ အိမ်ရှေ့ခန်းမှာ တွေ့သည့် မြက်ဖျာကလေးကို ဖုန်ခါ ဖြန့်ခင်းရင်း မောမောနဲ့ တစ်ရေး အိပ်ပစ်လိုက်မိတော့၏။

ရိုက်ချက်ပြင်းတယ်… ဘိုးဘိုးရာ…။

ဘိုးဘိုးပြောတဲ့ ယွန်းမှီမှီ ဆိုတာ… ဒီမိန်းမပေါ့…။

သူ့ကို… ရအောင် လက်ထပ်ယူပြီးမှ တောင်ကြီးကို ပြန်လာခဲ့ရမယ်တဲ့ လား …ဘိုးဘိုးရယ်။

ဒီမိန်းမနဲ့ ကတော့ ပြဿနာပဲ။

*